# ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစံနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ဂ။]

## နိဒါန်း။

တော်လှန်ရေးကောင်စီသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ၊ ဆိုရှယ်လစ်စံနစ်ကို တည်ဆောက်ရာတွင် ရှိပြီးဖြစ်သော စီးပွါးရေးစံနစ်များကိုပြောင်းလဲရပါမည်။ ရှိပြီးဖြစ်သော စီးပွါးရေးစံနစ်မှာ ပုဂ္ဂလိကပိုင်စီးပွါးရေးစံနစ်သာအဓိကဖြစ်နေပါသည်။

၎င်းစံနစ်ဟောင်းပေါ်တွင် အခြေပြု၍ဥပဒေများသည်လည်း ပုဂ္ဂလိကပိုင် စံနစ်ကို ကာကွယ်သည့်၊ အားပေးသည့်ဥပဒေများသာ ဖြစ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီက ထူထောင်နေသည့် ဆိုရှယ်လစ်စီးပွါးရေးစံနစ်တွင် ပြည်သူပိုင်စံနစ်သည်သာ အဓိကဖြစ်ရာ၊ ဥပဒေဟောင်းများသည် စံနစ်သစ်ထူထောင်ရန်အတွက် မဆီလျော်ဖြစ်နေပါသည်။ ထို့ကြောင့်ဥပဒေဟောင်းများကို ဥပဒေသစ်များဖြင့် အစားထိုးရပါမည်။

တဖန်ဆိုရှယ်လစ် စီးပွါးရေးစံနစ်ကိုဟူထောင်ရာ၌ မလိုလားသူများကအမျိုးမျိုး နှောက်ယှက်ဖျက်ဆီးလျက်ရှိနေပါသည်။ ၎င်းသူများ၏အန္တရာယ်များမှလည်း ကာကွယ်ရပါမည်။

အထက်ပါ အကြောင်းများကြောင့်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်ရန်ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ၎င်းဥပဒေကို၊ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ၎င်းဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင်ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၎င်းဥပဒေတွင် စာလုံးများသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''ဆိုရှယ်လစ် စီးပွါးရေးစံနစ်'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ဝါဒသဘောထားကြေညာချက်အဖြစ် ထုတ်ပြန်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်တွင် ဖော်ပြသည့်အတိုင်း၊ သို့မဟုတ် ၎င်းလမ်းစဉ်၏ ဘောင်အတွင်း အခါအားလျော်စွာ

တော်လှန်ရေးကောင်စီက ထုတ် ပြန် ကြေ ညာ မည့် အတိုင်းဖြစ်သည်။

(ခ) '' စီးပွါးရေးလုပ်ငန်း '' ဆိုသည့် စကားရပ်တွင် ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူအစု၊ သို့မဟုတ် တဦးချင်း လုပ်ကိုင် ဆောင်ရွက်သည့် ကုန်ကြမ်း ကုန် ချော ထုတ်သည့်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သို လှောင်ရေး လုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ ကုန်ပစ္စည်းပြုပြင်မွမ်းမံရေး လုပ်ငန်းနှင့် စီးပွါးရေးနှင့် သက်ဆိုင်သည့် အခြားမည်သည့် လုပ်ငန်း မဆိုပါဝင်သည်။

(ဂ) '' ပစ္စည်း '' ဆိုသည့် စကားရပ်တွင် အများပြည်သူက သော်၎င်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူတစုက သော်၎င်း၊ တဦးချင်းက သော်၎င်း၊ ပိုင်ဆိုင်သည့် သက် ရှိ သက် မဲ့ အရာဝတ္ထု အားလုံးပါဝင်သည်။

(ဃ) '' အလုပ်သမား '' ဆိုသည်မှာ၊ မိမိ၏ ကာယ အား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကိုဆိုသည်။

(င) '' လုပ်အားပေးမှု '' ဆိုသည်မှာ၊ လူ၏ လုပ် အားဖြင့် သော်၎င်း၊ တိရစ္ဆာန် အင်အားဖြင့် သော်၎င်း၊ သက်မဲ့ ကိရိယာဖြင့်သော်၎င်း၊ ဆောင်ရွက်ပေးမှုကိုဆိုလိုသည်။

(၂) ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ် ကောက်ယူချက်နှင့် စပ်လျဉ်း၍ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့် အဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

## အခန်း ၂။

### လုပ်ပိုင်ခွင့်များ။

၃။ ။မည်သည့်စီးပွါးရေး လုပ်ငန်းကိုမဆို အစိုးရသည်၊ အောက်တွင်ဖော်ပြသည့်အတိုင်းလုပ်ပိုင်ခွင့်များရှိစေရမည်။

(က) ပြည်သူပိုင်လုပ်ငန်းအဖြစ် အသစ်ထူထောင်ခြင်း။

(ခ) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်းတခုကို သော်၎င်း၊ ပြည်သူပိုင်ပြုလုပ်ခြင်း။

(ဂ) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်း တခုကို သော်၎င်း၊ ခေတ္တသိမ်း၍အသုံးပြုခြင်း။

(ဃ) လုပ်ငန်းတခုလုံးကို သော်၎င်း၊ အစိတ်အပိုင်း တခုကို သော်၎င်း၊ ငင်ချောက်၍ကြီးကြပ်ကွပ်ကဲခြင်း။

(င) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်း တခုကိုသော်၎င်း၊ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ စည်းကမ်းချမှတ်ခြင်း ။

၄။ ။စီးပွါးရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် မည်သည့်ပစ္စည်းကိုမဆို အစိုးရသည်၊ အောက်တွင်ဖော်ပြသည့်အတိုင်းလုပ်ပိုင်ခွင့်များရှိစေရမည်။

(က) ပြည်သူပိုင်ပြုလုပ်ခြင်း။
(ခ) ခေတ္တသိမ်း၍အသုံးပြုခြင်း။
(ဂ) အသုံးပြုမှု၊ သိုလှောင်မှု၊ ရောင်းဝယ်မှု၊ လွှဲပြောင်းမှု၊ သယ်ယူမှုများနှင့် ပတ်သက်၍ ဝင်ရောက်ပြီး ကြီးကြပ်ကွပ်ကဲခြင်း။
(ဃ) အသုံးပြုမှု၊ သိုလှောင်မှု၊ ရောင်းဝယ်မှု၊ လွှဲပြောင်းမှု၊ သယ်ယူမှုများနှင့်ပတ်သက်၍ စည်းကမ်းချမှတ်ခြင်း။

၅။ ။(၁) အစိုးရသည်၊ မည်သည့်ပစ္စည်းအတွက်မဆို အောက်ပါနှုန်းများကို သတ်မှတ်နိုင်စေရမည်။

(က) လက်ကားလက်လီရောင်းဈေးနှုန်း၊ ဝယ်ဈေးနှုန်း။
(ခ) ကုန်ကြမ်းကုန်ချောထုတ်လုပ်စရိတ်နှုန်း။
(ဂ) သိုလှောင်စရိတ်နှုန်း၊
(ဃ) သယ်ယူပို့ဆောင်စရိတ်နှုန်း။
(င) စစ်ဆေးစရိတ်နှုန်း။
(စ) ပြုပြင်မွမ်းမံစရိတ်နှုန်း။
(ဆ) ငှါးခနှုန်း။
(ဇ) အခြားလိုအပ်သည့်နှုန်းများ။

(၂) အစိုးရသည်၊ မည်သည့်ပစ္စည်းအတွက်မဆို အမျိုးအစားနှင့် အဆင့်အတန်းများကိုသတ်မှတ်နိုင်သည် ။

၆။ ။စီးပွါးရေးလုပ်ငန်းတွင်လုပ်ကိုင်နေသည့် မည်သည့်အလုပ်သမားကိုမဆို သတ်မှတ်သည့်နေရာတွင်သော်၎င်း၊ သတ်မှတ်သည့်အလုပ်ကိုသော်၎င်း၊ လုပ်ကိုင်စေရမည်ဟု အစိုးရကစည်းကမ်းချမှတ်နိုင်စေရမည်။

၇။ ။အစိုးရသည်၊ မည်သည့်လုပ်အားပေးမှုအတွက်မဆို၊ အခကြေးငွေများကို သတ်မှတ်ပေးနိုင်စေရမည်။ သို့ရာတွင် လူ၏လုပ်အားနှင့်ပတ်သက်၍မူအနည်းဆုံးအခကြေးငွေဥပဒေနှင့်မဆန့်ကျင်စေရ။

၈။ ။အစိုးရသည်၊ ဤဥပဒေပါရည်ရွယ်ချက်များကို ထမြောက်စေရန်အတွက် မည်သည့်အဆောက်အဦ၊ သို့မဟုတ်ဥပစာအတွင်းသို့မဆိုဝင်ရောက်ပိုင်ခွင့်၊ ရှာဖွေပိုင်ခွင့်၊ စစ်ဆေးပိုင်ခွင့်၊ စာရင်းကောက်ယူပိုင်ခွင့်၊ ပစ္စည်းများကိုထိန်းသိမ်းပိုင်ခွင့်၊ လိုအပ်လျှင်ထိန်းထားသည့်ပစ္စည်းများကို ထုခွဲပိုင်ခွင့်၊ စာရင်းအင်းနှင့်စာရွက်စာတမ်းများကိုစစ်ဆေးပိုင်ခွင့်၊ ထိန်းသိမ်းပိုင်ခွင့်ဟူသော လုပ်ပိုင်ခွင့်များရှိစေရမည်။

## အခန်း ၃။

### အစိုးရ၏ စီးပွါးရေးအဖွဲ့အစည်းများ။

၉။ ။(၁) အစိုးရသည်၊ စီးပွါးရေးလုပ်ငန်းတခု၊ သို့မဟုတ် အများအတွက် တာဝန်ခံ၍လုပ်ကိုင်ရမည့်အဖွဲ့အစည်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပြီးလျှင် တာဝန်နှင့်ဝတ္တရားများကိုသတ်မှတ်ပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းသင့်သည့်အဖွဲ့အစည်းသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့်လုပ်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲနိုင်ခွင့်နှင့် တရားစွဲဆိုခြင်းလည်းခံနိုင်ခွင့်ရှိရမည့် အဖွဲ့အစည်းဖြစ်စေရမည်။

## အခန်း ၄။

### လုပ်ကိုင်ဆောင်ရွက်နည်း။

၁၀။ ။(၁) အစိုးရသည်၊ အခန်း ၂ အရ၊ ဆောင်ရွက်သည့်အခါ အမိန့်ကြော်ငြာစာထုတ်ပြန်၍ဆောင်ရွက်ရမည်။

(၂) အမိန့်ကြော်ငြာစာပါပြဋ္ဌာန်းချက်များသည်၊အမိန့်ကြော်ငြာစာတွင် သတ်မှတ်သောရက်မှစ၍ အာဏာတည်စေပြီးလျှင်၊ အစိုးရ ရရန်ရှိသည်များကို ထိုနေ့တွင်ရရှိစေရမည်။

၁၁။ ။အခန်း ၂ အရ၊ ပြည်သူပိုင်ပြုလုပ်သည့်အခါဖြစ်စေ၊ ခေတ္တသိမ်း၍အသုံးပြုသည့်အခါဖြစ်စေ၊ သက်ဆိုင်ရာ ရပိုင်ခွင့်များကိုသာ အစိုးရကရယူရမည်။ အမိန့်ကြော်ငြာစာတွင် အထူးဖေါ်ပြသည့်အချက်များမှတပါးပေးရန်ရှိသည်တို့အတွက် အစိုးရကတာဝန်မယူရ။

၁၂။ ။(၁) အခန်း ၂ အရ၊ ပြည်သူပိုင်ပြုလုပ်သည့်အခါဖြစ်စေ၊ခေတ္တသိမ်း၍အသုံးပြုသည့်အခါဖြစ်စေ၊ ထိုက်သင့်သောလျော်ကြေး၊ သို့မဟုတ်အခကြေးငွေကိုပြဋ္ဌာန်းပေးရန်အလို့ငှါ၊ အစိုးရသည်အမိန့်ကြော်ငြာစာထုတ်ပြန်၍ရာဖြတ်ကော်မီတီများကိုခန့်အပ်၍ တာဝန်ပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါ ရာဖြတ်ကော်မီတီများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အစိုးရသည် အမိန့်ကြော်ငြာစာဘွင်လိုအပ်သည့်လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

## အခန်း ၅။

### ပြစ်ဒဏ်များနှင့် အရေးယူနည်းများ။

၁၃။ ။(၁) မည်သူမဆို၊ဤဥပဒေအရအစိုးရကပြဋ္ဌာန်းသည့်အချက်များကို သာမန်အားဖြင့် ဖေါက်ဖျက်ကျူးလွန်လျှင်၊ အောက်ပါပြစ်ဒဏ်တခုခုကို ကျခံစေရမည်။

(က) ဆုံးမသွန်သင်သတိပေးခံရခြင်း။

(ခ) ဆုံးမသွန်သင် သတိပေးခံရ၍ ပစ္စည်းများကိုပြန်လည် ပေးခံရခြင်း၊ သို့မဟုတ်

(ဂ) ဆုံးမသွန်သင် သတိပေးခံရ၍၊ သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရခြင်း။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်စီရင်နိုင်သည့် အခြေခံပြည်သူ့တရားစီရင်ရေးအဖွဲ့ကို၊ အစိုးရက သတ်မှတ်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့က အစိုးရ ညွှန်ကြားသည့်အတိုင်း ဖွဲ့စည်းပေးရမည်။

(၃) အခြေခံ ပြည်သူ့ တရားစီရင်ရေးအဖွဲ့သည် အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့်အမှုမျိုးကိုသာ စစ်ဆေးရမည်။

(၄) ပုဒ်မခွဲ (၂) အရ ဖွဲ့စည်းသော အခြေခံ ပြည်သူ့ တရားစီရင်ရေးအဖွဲ့သည်၊ သိမ်းဆည်းသည့် ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီထုခွဲနိုင်သည်။

(၅) ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော အခြေခံ ပြည်သူ့တရားစီရင်ရေး အဖွဲ့၏ စီရင်ချက်ကို မကျေနပ်လျှင်၊ မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီထံအယူခံနိုင်သည်။ အထူးအကြောင်းရှိလျှင်၊ အထူးအယူခံအဖွဲ့ကိုအစိုးရက ဖွဲ့စည်းပေးရမည်။ ယင်းအယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

(၆) အယူခံဝင်သူသည်၊ ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော အခြေခံ ပြည်သူ့တရားစီရင်ရေးအဖွဲ့က၊ စီရင်ချက်ချသောနေ့မှ (၇) ရက်အတွင်း၊ ပုဒ်မခွဲ (၅) အရ၊ ဖွဲ့စည်းသောအယူခံအဖွဲ့သို့ အယူခံလွှာကိုတင်သွင်းရမည်။

၁၄။ ။(၁) မည်သူမဆို၊ ဤဥပဒေအရ အစိုးရကပြဋ္ဌာန်းသည့်အချက်များကို [illegible]သာမက၊ အဖန်ဖန်ကျူးလွန်ဖေါက်ဖျက်လျှင်၊ သို့မဟုတ်စည်းရုံး၍သော်၎င်း၊ [illegible]စည်ဖြင့်သော်၎င်း၊ ကျူးလွန်ဖေါက်ဖျက်လျှင်၊ သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်၊ သိမ်းဆည်းခြင်းခံစေရမည့်အပြင်၊ ၃ နှစ်အထိ ထောင်ဒဏ်၊ သို့မဟုတ် ကျပ်ငါးထောင်အထိငွေဒဏ်၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးကျခံစေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ပြစ်ဒဏ်စီရင်နိုင်သည့် ဒေသပြည်သူ့တရားရုံးကို၊ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ဖွဲ့စည်းပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသောဒေသ ပြည်သူ့တရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင်၊ အယူခံနိုင်ခွင့်ရှိစေရန်၊ အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ အယူခံအဖွဲ့၊ သို့မဟုတ်အဖွဲ့များကိုလိုအပ်သလို ဖွဲ့စည်းပေးရမည်။ ယင်း အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးသတ်အတည် ဖြစ်စေရမည်။

(၄) အယူခံဝင်သူသည်၊ ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော ဒေသ ပြည်သူ့ တရားရုံးက စီရင်ချက်ချသောနေ့မှ၊ ရက်ပေါင်း (၆၀) အတွင်း၊ ပုဒ်မခွဲ (၃) အရ၊ ဖွဲ့စည်းသောအယူခံအဖွဲ့သို့၊ အယူခံလွှာကိုတင်သွင်းရမည်။ သို့ရာတွင် အစိုးရက တင်သွင်းသော အယူခံမှုများတွင် အယူခံလွှာကို ဒေသပြည်သူ့တရားရုံးကစီရင်ချက်ချသောနေ့မှ ၆ လအတွင်းတင်သွင်းရမည်။

(၅) ပုဒ်မခွဲ (၁) အရ၊ အရေးယူသည့်ကိစ္စများတွင် သက်ဆိုင်သည့် ပစ္စည်းများကိုအစိုးရက အခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

၁၅။ ။(၁) မည်သူမဆို၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဖျက်ဆီးရန် ရည်ရွယ်ချက် ဖြင့်ဆန့်ကျင်လျှင်၊ ဤပုဒ်မအရ၊ ပြစ်မှုကျူးလွန်သည် မည်၏။ ဤသို့ပြစ်မှုကျူးလွန်သည့် လုပ်ငန်းများတွင် အောက်ပါတို့အကျုံးဝင်သည်။

(က) အစိုးရက ချမှတ်ထားသည့် သဘောထား လုပ်ငန်းစဉ်နှင့် အစိုးရလုပ်ကိုင်နေသည့် လုပ်ငန်းတရပ်ရပ်ကို ပျက်စီးစေရန်လုပ်ကိုင်ခြင်း၊ ယင်းသို့လုပ်ကိုင်သည်ကို အားပေးခြင်း၊

(ခ) ပြည်သူပိုင်နှင့် အများပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ယင်းသို့ဖျက်ဆီးသည်ကို အားပေးခြင်း။

(ဂ) ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှု အတွက် အကျုံးဝင်သော ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သိုလှောင်ရေး လုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ကုန်ပစ္စည်း ပြုပြင်မွမ်းမံရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းစသည်တို့အား နှောက်ယှက်ခြင်း၊ ယင်းသို့နှောက်ယှက်သည်ကိုအား ပေးခြင်း။

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ နိုင်ငံခြားများသို့သော်၎င်း၊နိုင်ငံခြားများမှပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ သော်၎င်း၊ ပစ္စည်းများ၊ ငွေများကိုမတရားထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ယင်းသို့ပြုလုပ်သည်ကို အားပေးခြင်း။

(င) ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုတွင် ပါဝင် လုပ်ကိုင်နေသော သူများအား အလုပ်အကိုင် ပျက်အောင် နှောက်ယှက်ခြင်း၊ယင်းသို့နှောက်ယှက်သည်ကို အားပေးခြင်း။

(၂) အခြားတည်ဆဲတရားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါစေကမူ၊ အထက်ပုဒ်မခွဲ (၁) အရ၊ကျူးလွန်သူတဦးသည်၊ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်၊ အများဆုံးသေဒဏ်အထိ ကျခံစေရမည့်အပြင်၊ ၎င်းပိုင်ဆိုင်သည့် ပစ္စည်းနှင့် ငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

(၃) ပုဒ်မ ၁၅ အရ၊ အရေးယူသည့် ကိစ္စတိုင်းတွင် အစိုးရ၏ကြိုတင်ခွင့်ပြုချက်ကိုရယူရမည်၊

(၄) အစိုးရသည်၊ဤပုဒ်မအရ အရေးယူမည့်အမှုများကို စစ်ဆေးရန် အထူးရာဇဝတ်ရုံးကိုဖွဲ့စည်းပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရ အရေးယူသည့် ကိစ္စများတွင် သက်ဆိုင်သည့် ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ ထုတ်ပြန်မည့်ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

## အခန်း ၆။

### အထွေထွေ။

၁၆။ ။ဤဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် အစိုးရသည် နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းပေးနိုင်သည်။

၁၇။ ။အခန်း ၂ ပါ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အဖွဲ့အစည်းတခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေ လွှဲအပ်ပေးနိုင်သည်။

၁၈။ ။(၁) အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(က) ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ။

(ခ) ၁၉၆၃ ခုနှစ်၊ ပြည်သူ့ပစ္စည်းဟောင်ပိုရေးရှင်းဥပဒေ

(၂) ပုဒ်မခွဲ (၁) အရ ဥပဒေများကို ရုပ်သိမ်းလိုက်သည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များသည်အကျိုးသက်ရောက်စေရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ဖေါ်ပြသော ဥပဒေများအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ အဖြစ် ဆက်လက်တည်ရှိ၍ ရှိရင်းစွဲ လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစံနစ်များ အတိုင်း နောက်ထပ် မပြင်ဆင်မခြင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်။

(၄) ဤဥပဒေအရ သီးခြားပြဋ္ဌာန်းချက်များကို မထုတ်ပြန်နိုင်သေးမီ ကာလအတွင်းတွင် ပုဒ်မခွဲ (၁) တွင် ပါရှိသော ဥပဒေများအရ ဆောင်ရွက်ဆဲဖြစ်သည့် ကိစ္စရပ်များတွင် ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်အရေးယူ ဆောင်ရွက်နိုင်သည်။